


မာလုကျပုတ္တအားဟောကြားသည့်

# အလောင်းသိမ်းတရားတော်

( ၂၆ ၊ ၅ ၊ ၆၂ )

၃၇

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာ (၄)ပါးတရားတော်
အမှတ်စဉ်( ၂၅ ) မှ ထုတ်နှုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားဆုံးမတော်မူသော
မာလုကျပုတ္တအား ဟောကြားသည့်

# အလောင်းသိမ်းတရားတော်

(၂၆. ၅. ၆၂)

'အာစယဂါမိနော ဓမ္မာ၊ အပစယဂါမိနော ဓမ္မာ'လို့ ဦးမြ နှစ်ခု မှတ်ရမယ်၊ ဒါ. . . ဓမ္မသင်္ဂဏီပါဠိတော်လို့မှတ်ပါ။

"အာစယဂါမိနော ဓမ္မာ၊ အပစယဂါမိနော ဓမ္မာ"တဲ့ မှတ်မိကြပြီလား . . . (မှတ်မိပါပြီဘုရား) ဘာတဲ့တုံး ဦးအောင် ဇံဝေ (အာစယဂါမိနော ဓမ္မာ၊ အပစယဂါမိနော ဓမ္မာပါဘုရား) နောက်က ဒကာဒကာမတွေ ရွတ်စမ်း ဒီဥစ္စာဘာတဲ့တုံး (အာစယဂါမိနော ဓမ္မာ၊ အပစယဂါမိနော ဓမ္မာပါဘုရား)။

အာစယဂါမိနော = စုတိ ပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်သော၊ ဓမ္မာတရားတို့သည်၊ အပစယဂါမိနော= စုတိ ပဋိသန္ဓေသို့ရောက်ကြောင်း မဟုတ်ကုန်သော၊ ဓမ္မာ= တရားတို့သည် တရားနှစ်မျိုးရှိတယ်လို့ ဦးမြကြီး မှတ်ထားလိုက်စမ်းပါ (မှန်ပါ့)။

စုတိပဋိသန္ဓေရောက်ကြောင်း တရားတစ်မျိုး၊ စုတိပဋိသန္ဓေသို့ မရောက်တဲ့ တရားတစ်မျိုး၊ ဘယ်နှစ်မျိုးရှိသွားသတုန်း. . . (နှစ်မျိုးပါဘုရား) မှတ်ထားပါ၊ မှတ်ထားပါ။

အာစယဂါမိနော ဓမ္မာဆိုတဲ့ ၁ နံပါတ်က စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရားတဲ့၊ အပစယဂါမိနော ဓမ္မာ ဆိုတာက စုတိပဋိသန္ဓေသို့ ရောက်ကြောင်း မဟုတ်တဲ့တရား၊ ဘယ်နှမျိုးပါလိမ့်. . . (နှစ်မျိုးပါဘုရား) ဦးမြ ဘယ်နှမျိုးရှိသတုံး. . . (နှစ်မျိုးပါဘုရား)။

ဩော်. . . ဒါဘာပါလိမ့်မတုန်းမေးတော့မှ ဓမ္မသင်္ဂဏီ ပါဠိတော်လို့ ကိုပေါ်ကြီး မှတ်ထားပါ (မှန်ပါ့) စုတိပဋိသန္ဓေသို့ ရောက်ကြောင်း တရားတစ်မျိုး၊ စုတိပဋိသန္ဓေသို့ ရောက်ကြောင်း မဟုတ်တဲ့ တရားတစ်မျိုး ဘယ်နှစ်မျိုးရှိကြသတုန်း. . . (နှစ်မျိုးပါဘုရား)။

ဒါသေသေချာချာမှတ်ထားပါ၊ ဒါဒကာရင်း, ဆရာရင်းဟောနေတဲ့တရားလို့လဲ မှတ်ထားပါ၊ ဖျမ်းမျှကြေး, သဘောကျရုံကလေး, သဒ္ဒါတရား ဖြစ်ရုံကလေး ဟောနေတဲ့တရားလို့ ဦးမြကြီးက ဒီလိုမှတ်မနေနဲ့ဦး . . . (မှန်ပါ့)။

သဒ္ဒါတရားပွားအောင် ဟောတဲ့တရားက တစ်မျိုး, အမှန်ဆိုက်အောင်ဟောတဲ့ တရားကတစ်မျိုး, တရားဘယ်နှစ်မျိုးရှိသတုန်း . . . (နှစ်မျိုးပါဘုရား)။

တချို့ ဒကာဒကာမတွေ ကြိုက်နေကြတာက အို. . . တရားနာလိုက်ရတာ သဒ္ဒါကိုပွားတယ်. . . တဲ့၊ ဟာ. . မဟုတ်သေးဘူးဟ၊ ဦးမြမဟုတ်သေးဘူးလို့ စွဲချက်တင်လိုက်တယ်. . . (မှန်ပါ့)။ ဒါကသဒ္ဒါတရားပွားဖို့ မဟုတ်ပါဘူး။

စုတိပဋိသန္ဓေသို့ ရောက်ကြောင်း တရားဆိုတာက ဥပမာ

နတ်ရွာရောက်ကြောင်း တရားကို ဘုန်းကြီးက ဟောလိုက်မယ် ကိုပေါ်ရဲ့. . . (မှန်ပါ့)။

ဟာ. . . လှူချင်တန်းချင်တဲ့လူတွေတစ်ခါတည်း ပြည့်ပုံ လာမှာပဲ၊ သူ စုတိပဋိသန္ဓေ ရောက်မှာကိုးဗျ. . . (မှန်ပါ့) မရောက် ပေဘူးလား. . . (ရောက်ပါတယ်ဘုရား)။

အဲဒီလို သဒ္ဓါပွားတဲ့တရားတစ်မျိုး, ပညာများတဲ့ တရား တစ်မျိုး အဲဒီနှစ်မျိုးမှာ အခုဟာက ပညာများတဲ့ တရားမျိုး. . . (မှန်ပါ့) သဒ္ဓါတရားပွားတဲ့ တရားက စုတိ ပဋိသန္ဓေသို့ ရောက် ကြောင်းတရား. . . (မှန်ပါ့တရား)။

ပညာများတဲ့ တရားက စုတိပဋိသန္ဓေသို့ ရောက်ကြောင်း မဟုတ်တဲ့တရား. . . (မှန်ပါ့) ဒေါ်အုန်းမေကြီးတို့ တရားကိုက နှစ်မျိုး ပါလား. . . (မှန်ပါ့)။

ကဲ. . . ဦးအောင်ဇံဝေ တရားနာဖို့ မလွယ်ဘူး. . . (မှန်ပါ့) လွယ်သေးရဲ့လား. . . (မလွယ်ပါဘုရား)။

သေသေချာချာ ဒကာဒကာမတွေ မှတ်ပါ၊ မောင်အောင်ချို တို့ လူစုတွေနော် (မှန်ပါ့) စုတိပဋိသန္ဓေရောက်စေတတ်တဲ့ တရားက တမျိုး၊ စုတိပဋိသန္ဓေ မရောက်စေတတ်တဲ့ တရားက တစ်မျိုး၊ ဦးမြ ဘယ်နှစ်မျိုးတုန်း (နှစ်မျိုးပါဘုရား)။

ဒါ. . . ဓမ္မသင်္ဂဏီပါဠိတော်မှာ သေသေချာချာ ဟောထား တယ်၊ ဘယ်မှာဟောထားသတုန်း. . . (ဓမ္မသင်္ဂဏီပါဠိတော်မှာ ဟောထားပါတယ်ဘုရား) ဘယ်သူဟောသတုန်း မေးတော့ ကိုယ် တော်တိုင် ဟောတာပေါ့ (မှန်ပါ့)။

ဒါဖြင့် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရားကို ခင်ဗျားတို့

ကြိုက်နေကြမယ်ဆိုရင်ဖြင့် စုတိဒုက္ခသစ္စာ၊ ပဋိသန္ဓေကကော (ဒုက္ခသစ္စာပါဘုရား)။

အဲဒီရောက်ကြောင်းတရားဆိုရင် ခင်ဗျားတို့ ဒါတွေကြိုက်နေကြမယ်ဆိုရင်ဖြင့် ဒုက္ခသစ္စာကို ကြိုက်နေကြတာ (မှန်ပါ့) ဆိုထိုက်ပလား. . . (ဆိုထိုက်ပါတယ်ဘုရား)။

စုတိပဋိသန္ဓေသို့ ရောက်ကြောင်း မဟုတ်တဲ့တရားကို ကြိုက်ပါမှ နိဗ္ဗာန်ကြိုက်တဲ့တရား (မှန်ပါ့)။

ဒကာဒကာမတွေ မခြားနားသေးဘူးလား. . . (ခြားနားပါတယ်ဘုရား) ဩော်. . . တော်တော် ခက်နေပါကလား. . .၊ တို့မှာ တရားနာရပေမယ့်လဲ တို့ကလဲ ဘာမှ ပြင်ဆင်ထားတာ မဟုတ်ဘူး၊ ထည့်ပေးတာ ယူလာတဲ့ ဈေးဝယ်နဲ့ တူနေမှာကြောက်ရသေးတယ် (မှန်ပါ့)။

ဟိုက အစိတ်သားထည့်ပေးလိုက်တယ်၊ ဒါ အစိတ်ထင်ပြီး ယူသွားတာပဲ၊ ခုနစ်ဆယ့်ငါးကျပ်သား ထည့်ပေးလိုက်လဲ၊ (ယူသွားပါတယ်ဘုရား)။

စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရားကိုမှ ဒကာဒကာမတွေက သဘောကျရင်ကျနေတာပဲ (မှန်ပါ့) ဦးမြ မခက်ဘူးလား. . . (ခက်ပါတယ်ဘုရား) ဦးအောင်ဇံဝေ (ဒီအတိုင်းပါပဲဘုရား)။

ဒါဖြင့် ဒီနေ့ည ဒကာဒကာမတွေ ထူးထူးခြားခြား သိရတော့မယ်ဆိုတဲ့ အဓိပ္ပာယ် ရှင်းရောပေါ့. . . (ရှင်းပါပြီဘုရား)။

အာစယဂါမိနော ဓမ္မာဆိုတာက စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရား၊ အပစယဂါမိနော ဓမ္မာဆိုတာက စုတိပဋိသန္ဓေသို့ ရောက်ကြောင်း မဟုတ်တဲ့တရား၊ ကဲ- မင်းတို့ဘယ်ဟာကြိုက်ကြ

သတုန်း၊ (အပစယဂါမိနောကြိုက်ပါတယ်ဘုရား) ဒါပဲ ကြိုက်ရမယ့်၊ နောက်က ဒကာဒကာမတွေ ဘာကြိုက်ရမယ်. . . (အပစယဂါမိ နောကြိုက်ပါတယ်ဘုရား) စုတိပဋိသန္ဓေသို့ ရောက်ကြောင်း မဟုတ်တဲ့တရားကို ကြိုက်ရမယ် (မှန်ပါ့)။

နို့မဟုတ်ဘုရားက ဦးအောင်ဇံဝေ နှစ်မျိုးထားပြီးဟော နေစရာမလိုပါဘူး. . . (မလိုပါဘုရား) ဦးမြလိုသေးသလား. . . (မလိုပါဘုရား)။

အဲဒီတော့ တစ်ခုကိုဖြင့် ပယ်။ တစ်ခုကိုဖြင့် ဆောင်၊ ဒီလို ဟောတဲ့တရားလို့ မှတ်ကြစမ်းပါ. . . (မှန်ပါ့)။

ဒါဖြင့် ဒကာဒကာမတို့ ဘာလှူလို့ ဘာဖြစ်တယ်၊ လူ့စည်းစိမ်, နတ်စည်းစိမ် အကြိမ်ကြိမ်ခံစားရတယ်ဆိုတာ စုတိပဋိသန္ဓေရောက်- မရောက် (ရောက်ပါတယ်ဘုရား) ဒါဖြင့် စုတိပဋိသန္ဓေရောက် ကြောင်းတရားသူက၊ (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အပစယဂါမိနောက နိဗ္ဗာန်သို့ရောက်ကြောင်းတရား ရှင်း ပလား. . . (ရှင်းပါပြီ) စုတိပဋိသန္ဓေပါသေးလား. . . (မပါ- ပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သိအောင်, ရှင်းအောင်, လင်းအောင် ပြော ကြပါစို့ဆိုတော့ အာစယဂါမိနော ဓမ္မာက ဒုက္ခဖြစ်ကြောင်းတရား၊ (မှန်ပါ့) အပစယဂါမိနောဓမ္မာက ဒုက္ခချုပ်ကြောင်းတရား. . (မှန်ပါ့) မကွာဘူးလား၊ (ကွာပါတယ်ဘုရား)။

ဒကာဒကာမတို့ တရားသားမဖော်သေးပါဘူး ဩော်. . . တရားနှစ်မျိုး ရှိတယ်လို့ မှတ်ထားလိုက်စမ်းပါ (မှန်ပါ့) တရားသား မဖော်ရသေးပါဘူး၊ တရားနှစ်မျိုးရှိတယ်ဆိုတာကို ကိုယ်ပေါ်တို့ သိနှင့်

ဖို့ အရေးကြီးပါတယ်. . . (မှန်ပါ့)။

စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတစ်မျိုး၊ နိဗ္ဗာန်ရောက်ကြောင်းတစ်မျိုး၊ ဘယ်နှစ်မျိုးရှိကြသတုန်း၊ (နှစ်မျိုးပါဘုရား) နှစ်မျိုးရှိတယ်လို့ မောင်အောင်ချိုတို့ မောင်မြင့်တို့မှတ်စမ်းပါကွာ. . .(မှန်ပါ့)။

အဲဒီတော့ကို ဒီ. . ဒကာဒကာမတွေ တရားကို မနာတတ်တော့ဘူး၊ ဆရာကတဲ့ ခပ်ဖျင်းဖျင်း, လမ်းကလဲ မပြတတ်ဆိုလို့ရှိရင် ကျောင်းဆောက်ရင် ဘုံပေါက်၊ ဘုံပေါက်သွားနေမယ်၊ ဟင်. . . ဟိုသွားပြီး ပဋိသန္ဓေနေဦးမယ်ပြောတာပဲ. . . (မှန်ပါ့) ဟိုသွားသေဦးမယ်ကော. . . (ပြောပါတယ်ဘုရား)။

ဒါဘာတရားခေါ်ကြမလဲ၊ စုတိပဋိသန္ဓေသို့ရောက်ကြောင်းတရား. . . (မှန်ပါ့) ဦးမြကြီး ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

စုတိပဋိသန္ဓေသို့ ရောက်ကြောင်းမဟုတ်တဲ့ တရားဆိုတဲ့ ဥစ္စာလဲရှိတယ်၊ အဲဒီတော့ ဒုက္ခရောက်တဲ့တရား, ဒုက္ခလွတ်တဲ့တရား၊ ဘယ်နှစ်မျိုးရှိကြသလဲ. . . (နှစ်မျိုးပါဘုရား)။

ဒုက္ခရောက်တဲ့တရား ဒုက္ခလွတ်တဲ့တရားဆိုတော့ ဒါ- ဒီနေ့ညမှာ ဩော်- အတော်အရေးကြီးပါလားဆိုတာကို ခင်ဗျားတို့ သေသေချာချာ မှတ်ကြစမ်းပါ . . . (မှန်ပါ့)။

"အာစယဂါမိနော ဓမ္မာ" ဆိုတာ ဒီလိုကွတဲ့၊ အုတ်များဟာ အုတ်တိုက်တည်တယ်ဆိုတော့ တစ်ချပ်ပေါ် တစ်ချပ်ဆင့် တစ်ချပ်ပေါ် တစ်ချပ်ဆင့်တည်ရတယ်၊ မတည်ကြဘူးလား . . (တည်ကြရပါတယ်ဘုရား) အဲ- စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရားကတော့ တစ်ခန္ဓာပေါ် တစ်ခန္ဓာဆင့်ပြီး အလောင်းထပ်တဲ့တရားကွတဲ့ . . . (မှန်ပါ့ဘုရား)။

ဟာ- ဦးမြ သွားပြီ. . . (မှန်ပ့ါ) မသွားသေးဘူးလား. . . (သွားပါပြီဘုရား) ဘာထပ်တဲ့ တရားတုန်း (အလောင်းထပ်တဲ့တရား ပါဘုရား)။

အံမာလေး - နာအောင်ပြောတော့ ဒီရောက်လာတယ်. . . (မှန်ပ့ါ) တစ်လောင်းပေါ် တစ်လောင်းထပ်တဲ့တရား တစ်လောင်း ပေါ် တစ်လောင်းထပ်တဲ့တရားကို **အာစယဂါမိနော** ဓမ္မာ-(မှန်ပ့ါ) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကိုပေါ်ရေ. . . ဟောရမည့် ဘုန်းကြီးကိုက ခင်ဗျားတို့ကို အတော်ပြင်ရလိမ့်မယ် ဆိုတဲ့ဥစ္စာ ရင်လေးစရာ ပြောနေတဲ့ အဓိပ္ပာယ်မျိုး မောင်အောင်ချီတို့ ရောက်သွားတယ်. . . (မှန်ပ့ါ) မရောက်ဘူးလား. . . (ရောက်ပါတယ်ဘုရား) ဦးမြသေသေချာချာ ရောက်နေပြီ. . . (မှန်ပ့ါဘုရား)။

ဒကာဒကာမတို့ အလောင်းသိမ်းတဲ့ တရား, အလောင်းထပ် တဲ့တရား ဘယ်နှစ်မျိုးတုန်း . . . (နှစ်မျိုးပါဘုရား) အာစယဂါမိနော ဓမ္မာဆိုတာက ဘာတဲ့. . . (အလောင်းထပ်တဲ့တရားပါဘုရား) တစ် လောင်းပေါ် တစ်လောင်းထပ်မြှုပ်တယ်၊ (မှန်ပ့ါဘုရား)။

ဦးမြကြီး တစ်လောင်းပေါ် တစ်လောင်း (ထပ်ပြီးမြှုပ်ပါတယ် ဘုရား) ထပ်မြှုပ်တဲ့တရားကို ဘယ်တရား ခေါ်ကြမလဲ. . . . (အာစယဂါမိနောဓမ္မာပါဘုရား)။

အလောင်းသိမ်းတဲ့တရားတော့ "အပစယဂါမိနော ဓမ္မာ" တဲ့ ခြားနားလိုက်တာ ဟင် . . . (မှန်ပ့ါဘုရား)။

အလောင်းသိမ်းတဲ့ တရားကျတော့. . . (အပစယဂါမိနော ဓမ္မာပါဘုရား) အပစယဂါမိနော ဓမ္မာလို့ ဟောထားတော့ သြော်

. . . ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ တယ်လဲ ကရုဏာတော်ကြီးပါကလား၊ အလောင်းထပ်မှာတော့ဖြင့် စိုးရိမ်ရှာတယ်၊ အလောင်းသိမ်းလို့ရှိရင်လဲ သူဝမ်းမြောက်တော်မူတယ်၊ သဘောပါပလား . . . (ပါ-ပါပြီဘုရား)။

အလောင်းထပ်မှာတော့ . . . (စိုးရိမ်ပါတယ်ဘုရား) စိုးရိမ်ရှာတယ်နော်၊ (မှန်ပါ့) အလောင်းသိမ်းမှာကျတော့ (ဝမ်းသာပါတယ်ဘုရား) ဒါဖြင့် ဘုရားဝမ်းသာတဲ့တရား, ဘုရားနည်းပြတဲ့ တရားလို့ နှစ်မျိုးမှတ်ကြ. . . (မှန်ပါ့ဘုရား)။

ဦးမြ နှစ်မျိုးမှတ်စမ်း. . . (မှန်ပါ့) ဘုရားနည်းပြတဲ့ တရားတစ်မျိုး၊ ဒီလမ်းလိုက်ရင် ဒီလိုဖြစ်လိမ့်မယ် ပြောတာကတော့ ဒါန, သီလတွေနဲ့ နိဗ္ဗိန္ဒမပါဘဲနဲ့ လှူခဲ့တန်းခဲ့လို့ရှိရင် အဲဒါအလောင်းထပ်တယ်ကွ၊ သဘောကျပလား. . . (မှန်ပါ့ဘုရား)။

ဒါန,သီလတွေ ဒုက္ခမမြင်ဘဲနဲ့ လှူကြ, ပေးကြ, ကမ်းကြလို့ရှိရင် အလောင်းထပ်တယ်ကွဆိုတာလဲ ဘုရားဟောမှ သိရမှာပဲ (မှန်ပါ့)။ ဟာ. . . သစ္စာသိပြီးလုပ်လို့ရှိရင်လဲ အလောင်းသိမ်းတယ်ကွဆိုတာလဲ သူပြောမှ သိရမှာပဲ. . . (မှန်ပါ့ဘုရား)။

အဲဒီတော့ သူပြောတာက သူမကြိုက်တဲ့တရားတစ်မျိုး။ သူကြိုက်တဲ့ တရားတစ်မျိုးလို့ဆိုတာ ဒကာဒကာမတွေ ကြိုက်နေတာက သူမကြိုက်တဲ့တရား ကြိုက်နေတာ. . . (မှန်ပါ့ဘုရား) သူကြိုက်တဲ့ တရားကိုတော့. . . (မကြိုက်ပါဘုရား)။

မကြိုက်ဘူးဆိုတော့ ဘုရား၏ စိတ်ထားကိုလဲ မဝေဘန်တဲ့အဓိပ္ပာယ်ရောက်တယ်. . . (မှန်ပါ့) ရမ်းနာတဲ့ အဓိပ္ပာယ်ကော. . . (ရောက်ပါတယ်ဘုရား)။

ပယ်ရမည့် တရားကိုတော့ မင်းတို့က သိမ်းတယ်၊ သိမ်းရမည့် တရားကိုတော့ ပယ်တယ်. . . (မှန်ပါ့) ဆိုတော့ ဈေးဝယ်မတတ်သလို ဖြစ်နေတယ်. . . (မှန်ပါ့) ဦးမြ ဘယ့်နှယ်ဖြစ်နေသတုန်း၊ (ဈေးဝယ်မတတ်သလို ဖြစ်နေပါတယ်)။

ဒကာဒကာမတွေ ဘယ်လောက် အရေးကြီးတယ်ဆိုတာ တရားချီးကတည်းက ခင်ဗျားတို့ သိလောက်ပါပြီ၊ မသိသေးဘူးလား . . . (သိပါပြီ) အလောင်းထပ်တဲ့တရားဟာ ဘုရားကြိုက်တဲ့ တရားလား၊ **ဘုရားပယ်တဲ့တရားလား**. . . (ဘုရားပယ်တဲ့တရားပါဘုရား)။

ဟာ. . . ခင်ဗျားတို့က ဘုရားပယ်တဲ့တရားကိုတော့၊ (ကြိုက်ပါတယ်ဘုရား) ဘုရားစက်ဆုပ်တော်မူတဲ့တရားကိုတော့ လူစည်းစိမ်, နတ်စည်းစိမ် အကြိမ်ကြိမ် ခံစားရပါလို၏နဲ့ ဘုရားရှေ့သွားပြီး ကန့်လန့်လုပ်လိုက်ဦးမကွ၊ ဘာတဲ့တုန်း ဦးမြရ - မပြောတတ်ပါဘုရား အရှူးထနေကြတာ၊ မောင်အောင်ချိတို့ , မောင်မြင့်တို့ကော သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)။

ဘုရားရှေ့သွားပြီး ကိုယ်က အကြိမ်ကြိမ် ခံစားပြီး၍ဆိုတော့ မောင်မြင့်အလောင်းမထပ်ဘူးလား၊ ထပ်မလား (ထပ်သွားတာပါဘုရား) အကြိမ်ကြိမ်ခံစားရင်း အကြိမ်ကြိမ် သေမှာပဲ (မှန်ပါ့ဘုရား)။

ဒါဖြင့် အလောင်းထပ်တဲ့ တရားဟာ ဘုရားစက်ဆုပ်တော်မူတဲ့တရားလား၊ ဝမ်းမြောက်တော်မူတဲ့တရားလား - (စက်ဆုပ်တော်မူတဲ့တရားပါဘုရား) အဲ. . . အရှင်ဘုရား စက်ဆုပ်တာကို တပည့်တော်တို့ကို ဆုပေးစမ်းပါဘုရား ပြည့်အောင် (မှန်ပါ့) ဘယ့်နှယ် လုပ်တာတုန်း ဦးမြရဲ့ ရှင်းစမ်းပါဦး ခင်ဗျားဟာ. . . (ကန့်လန့်လုပ်တာပါဘုရား) ဦးအောင်ဇံဝေကြီးကော ရှင်းတတ်ပလား. . . (အရှူးထ,

တာပါဘုရား) အရှူးထတာ၊ အဲ. . . ခင်ဗျားတို့ တည့်ပြီ။

အရှူးထတယ်ဆိုတာ ဦးမြကမှတ်လိုက် မမှားဘူးဗျ၊ ဝိပ္ပလ္လာသကြောင့် တောင်းတာကိုး. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား) ဝိပ္ပလ္လာသဆိုတာ သညာဝိပ္ပလ္လာသ, စိတ္တဝိပ္ပလ္လာသ, ဒိဋ္ဌိဝိပ္ပလ္လာသဆိုတော့ အရှူးပဲမဟုတ်လား. . . (မှန်ပါ့ဘုရား)။

အဲဒါ ဘုရားရှေ့သွားပြီး အရှူးထတာလို့မှတ်လိုက်စမ်းပါ (မှန်ပါ့) မောင်အောင်ချိ ဘယ့်နှယ် မှတ်မလဲ. . . (ဘုရားရှေ့သွားပြီး အရှူးထနေပါတယ်ဘုရား)။

ဟာ. . . မင်းတို့ဟာ မင်းတို့ အိမ်နောက်ဖေးသွားပြီး အရှူးထရင် ဘာကိစ္စရှိသတုန်းကွ၊ (မှန်ပါ့) ဦးမြကြီးဟင်၊ (မှန်ပါ့) ပန်းတွေနဲ့ တစ်ကယ့်ကြည်ညိုဘွယ်ရှိတဲ့ ကိုယ်တော်ကြီးရှေ့မှာ သွားပြီး မောင်မြင့်တို့က အရှူးထရင်တော်ပါ့မလား။ (မတော်ပါဘုရား) အရှူးအရှူးနေရာ မနေဘူးလို့ ပြောရမှာလား မပြောရဘူးလား. . . (ပြောရမှာပါဘုရား)။

နောက်က ဒကာဒကာမတွေ အရှူး-အရှူးနေရာမှာ နေမှသင့်တယ်နော်. . . (မှန်ပါ့) အခုဟာ ဘယ်မှာတုန်း အရှူးက ဧည့်ခန်းလာ ရှူးလို့ တော်ပါ့မလား . . . (မတော်ပါဘုရား)။

ဒါ. . . ဘုန်းကြီးက စကားကြီးတာလား ဦးအောင်ဇံဝေရ ခင်ဗျားတို့ ရှူးချက်က သန်တာလား. . . (ရှူးချက်က သန်တာပါဘုရား)။

ရှူးချက်သန်တယ်၊ အံမာလေး . . . ဦးမြရ ဒီလိုဆရာသမားကောင်းနဲ့ မတွေ့လို့ရှိရင် အာစယဂါမိနော ဓမ္မာ ကြိုက်တဲ့လူတွေလည်း ခင်ဗျားတို့ ရာခိုင်နှုန်းတွက်ကြည့်စမ်း အများကြီး ရှိလိမ့်မယ်ထင်

တယ်. . . (ရှိပါတယ်ဘုရား)။

**အပစယဂါမိနော ဓမ္မာ** ကြိုက်တဲ့လူက အတော်နည်းလိမ့်မယ် လို့ဆိုရင် လွဲပါ့မလား. . . (မလွဲပါဘုရား)။

ဘုရားစက်ဆုပ်တဲ့ တရားကြိုက်တဲ့ လူနဲ့ ဘုရားနှစ်သက်တဲ့ တရားကြိုက်တဲ့လူနဲ့ တရားတစ်ပွဲလုံးဆုံးဖြတ်ချက်ချစမ်း ဘယ်သူက များပါ့မတုန်း. . . (ဘုရားစက်ဆုပ်တဲ့တရား ကြိုက်တဲ့လူက များပါ တယ်ဘုရား)။

အင်. . . ဒါဖြင့်တရားမနာတတ်သေးဘူးဆိုရမှာလား ဦးမြ၊ နာတတ်ပြီးလို့ဆိုရမှာလား. . . (မနာတတ်သေးဘူးလို့ ဆိုရမှာပါ ဘုရား)။

ကဲ. . တရားနာဖို့ မောင်မြင့် ဘယ်လောက် ခဲယဉ်းတယ် ဆိုတာ မပေါ်သေးဘူးလား. . . (ပေါ်ပါပြီဘုရား)။

သေသေချာချာတွေးမှကွ . . . (မှန်ပါ့) နိဗ္ဗာန်မရမီစပ်ကြား ဒီသား, ဒီသမီး, ဒီမြေး, ဒီမြစ်နဲ့ အတူတူနေ၊ သူက အတူတူနေတာ မြင်တာကိုးကွ၊ အတူတူသေမှ မထည့်တော့ဘဲ. . . (မှန်ပါ့ဘုရား)။

အတူတူနေရင်တော့ (အတူတူသေရမှာပါဘုရား) အတူတူ သေရမှာပဲ၊ အတူတူပူရမှာပဲ၊ အတူတူ ဆွေးရမှာပဲ၊ ဦးမြ ဟုတ်ပါရဲ့ လား. . (ဟုတ်ပါတယ်ဘုရား)။

အဲဒါအတူတူ နေတစ်လုံးဖုံးလိုက်တာနဲ့ အတူတူ သေပျောက် သွားတယ် (မှန်ပါ့) မဆိုးဝါးဘူးလား. . . (ဆိုးဝါးပါတယ်ဘုရား) ပေါ်ကြပလား နောက်က ဒကာဒကာမတွေ (ပေါ်ပါပြီဘုရား)။

အေး. . . ဒါကြောင့်ခင်ဗျားတို့ အရှုး အရှုးနေရာနဲ့ ရှုးပါလို့ ဆရာဘုန်းကြီးက ပြောတာ ဦးမြစကားကြီးသလား (မကြီးပါဘုရား)

အရှူး-အရှူးနေရာနဲ့ နောက်ဖေးချောင် သွားရှူးပါဟုတ်လား. . . (မှန်ပါ့)။

ပန်းတွေ တင်ထားတဲ့ ဘုရားရှေ့မှာ ကြည်ညိုဖွယ်ဆောင် ထားတဲ့ ဘုရားရှေ့မှာသွားပြီးသကာလ လက်အုပ်ချီ ရှူး-ရှူးတာ ကတော့ ဦးမြ ဆိုးတယ် (မှန်ပါ့ မသင့်မလျော်ပါဘုရား) မသင့်မလျော် ဘူးဆိုတာ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

**ကိုင်း. . . ဒါဖြင့် အာစယဂါမိနော ဓမ္မာဆိုတာ စုတိပဋိသန္ဓေ** သို့ရောက်၊ င်း တရားနော်. . . (မှန်ပါ့) အပစဂါမိနောဓမ္မာဆို တာက စု သန္ဓေကို ဖျက်ချပြီးသကာလ နိဗ္ဗာန်သို့ရောက် ကြောင်းတရား၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

**ကောင်းပြီ ဒါဖြင့် အာစယဂါမိနော ဓမ္မာ ဘာပါလိမ့်မတုံး** လို့မေးတဲ့အခါကျတော့ အကုသိုလ်စိတ်တွေလဲ အာစယဂါမိနော ဓမ္မာပဲ. . . (မှန်ပါ့) ဘုံဘဝတောင်းတလုပ်တဲ့ ကုသိုလ်တွေဟူသ၍ လဲ. . (**အာစယဂါမိနော ဓမ္မာပါဘုရား**) စုတိပဋိသန္ဓေပဲ ပြန်ရတယ် . . . (မှန်ပါ့)။

မောင်မြင့်စုတိ ဘာသစ္စာတုန်း. . . (ဒုက္ခသစ္စာပါဘုရား) ပဋိသန္ဓေကော. . . (ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် မင်းတို့လုပ်တဲ့ ကုသိုလ်တွေဘုံဘဝ လိုချင်ကြလို့ရှိရင်ဖြင့် ဒုက္ခပေးပါလို့ သွားတောင်း တာ. . . (မှန်ပါ့)။

နောက်က ဒကာဒကာမတွေ ဘယ်လိုတုန်း. . . (ဒုက္ခပေးပါ လို့ သွားတောင်းတာပါဘုရား)။

ဒုက္ခပေးပါလို့ သွားတောင်းတော့ ဟိုဒင်းလိုဖြစ်နေပြီထင် တယ်. ဦးမြရ ပုဏ္ဏားမိုက်လို ဟင်. . . (မှန်ပါ့) သူ့မှာ နွားက တစ်

ကောင်တည်းရှိတာနဲ့ ရှင်ဘုရင်ဆီ သွားတောင်းတယ်၊ နွား တစ်ကောင် သွားတောင်းတယ်၊ ရှင်ဘုရင်ဆီကျတော့ ကြောက်တာ, လန့်တာနဲ့ အရှင်မင်းကြီး အကျွန်ုပ်မှာ နွားတစ်ကောင်ရှိတယ်၊ အဲဒါ . . . သိမ်းတော်မူပါတဲ့၊ ဂွကျသွားတာပေါ့ကွ၊ မကျသေးဘူးလား. . . ကျသလား (ကျပါတယ်ဘုရား)။

နဂိုရ်က နွားတစ်ကောင်ရှိတာကိုး၊ အသင်ရှင်ဘုရင့်ဆီသွား တောင်း တစ်ကောင်ရလို့ရှိရင် တစ်စုံဖြစ်မယ်၊ တစ်စုံရှိရင်ခိုင်းလို့, စေလို့, ထွန်လို့, ထယ်လို့, ဖြစ်မယ်လို့ဆိုပြီး သူ့သားက လွှတ်လိုက် တာ ဟိုကျတော့ အရှင်မင်းကြီး. . . အကျွန်ုပ်မှာ နွားတစ်ကောင် ရှိတယ်၊ တစ်ကောင်သိမ်းတော်မူပါဆိုတော့ ဘယ်မှာတုန်းကွ. . . အရင်ဆုံးနေပါပြီ. . . (မှန်ပါ့) ဦးမြ ဘယ့်နှယ်နေသတုန်း. . (အရင်း ဆုံးပါတယ်ဘုရား)။

ဒီမှာလဲ စုတိပဋိသန္ဓေပြန်တောင်းလို့ရှိရင် ဘယ့်နှယ်ဆိုကြ မတုန်း. . . (အရင်းရှုံးပါတယ်ဘုရား)။

ဒုက္ခရှိလျက်နှင့် ဘာတောင်းတာတုန်း (ဒုက္ခတောင်းတာပါ ဘုရား) ဒါဖြင့် ဒုက္ခရှိလျက်နဲ့ ဒုက္ခတောင်းတော့ကို ဒီဒုက္ခမကျေနပ် လို့ ဟို-ဒုက္ခကို တစ်ချက်ရိုက်တဲ့ဥစ္စာ မကျေနပ်လို့ နှစ်ချက်ရိုက်သတ် ပါဆိုတာနဲ့ကော. . . (အတူတူပါဘုရား)။

ဦးမြ ဒါငြင်းချင်သေးသလား ခင်ဗျားတို့. . . (ငြင်းစရာမလို ပါဘုရား) ငြင်းစရာမလိုပါဘူးဆိုတာ နောက်က ဒကာဒကာမတွေ ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)။

ကဲ. . . မောင်အောင်ချိတို့, မောင်မြင့်တို့ မဆိုးဘူးလားကွာ (ဆိုးပါတယ်ဘုရား) ဒါကြောင့် တကယ်တမ်းသိတဲ့ ဆရာသမားကို,

ကိုသောင်ကြီး ရှာထိုက် မရှာထိုက်. . . (ရှာထိုက်ပါတယ်ဘုရား) ဦးအောင်ဇံဝေ. . . (ရှာထိုက်ပါတယ်ဘုရား) မရှာရင်သွားပြီ. . . (မှန်ပါ့) မရှာရင်သွားပြီးဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

အေး. . . ဒါကြောင့် ဦးမြတို့ ဒီလာပြီး ကြုံတဲ့ဥစ္စာခင်ဗျား အင်မတန်ကြီးကျယ်တဲ့ အကြုံကြီးပဲဆိုရင်ကော လွဲပါမလား (မလွဲပါဘုရား)။

**ကိုင်း ဒါဖြင့်** ပြောကြပါစို့၊ ကုသိုလ်စိတ်ရယ်၊ အကုသိုလ်စိတ်ရယ်, ကုသိုလ်စိတ်ပေမယ့် ခင်ဗျားတို့ပြုတဲ့ ဘုံဘဝတောင်းတတဲ့ ကုသိုလ်စိတ်မကောင်းတဲ့ အကုသိုလ်စိတ် ဒါနှစ်ခုဟာ မောင်မြင့်က မှတ်လိုက်စမ်း စုတိပဋိသန္ဓေသို့ ရောက်ကြောင်းချည့်မှတ်လိုက်. . . (မှန်ပါ့)။

ဘုံဘဝတောင်းတတဲ့ ကုသိုလ်ဟူသရွေ့ ဘာရောက်ကြောင်းတုန်း. . . (ဘုံဘဝရောက်ကြောင်းပါဘုရား) စုတိပဋိသန္ဓေထည့်ပါ (စုတိပဋိသန္ဓေသို့ ရောက်ကြောင်းပါဘုရား)။

စုတိပဋိသန္ဓေ ရောက်ကြောင်းဆိုတော့ စုတိဒုက္ခသစ္စာ, ပဋိသန္ဓေ ဒုက္ခသစ္စာဆိုတော့ ဒုက္ခရောက်ကြောင်း. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အပစယဂါမိနော ဓမ္မာ ဆိုတာကတော့ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းမဟုတ်တဲ့ တရားဆိုတော့ ဘယ်ဟာကို ခင်ဗျားတို့ ကိုးကွယ်ထိုက်, ဆည်းကပ်ထိုက်တဲ့ လုပ်ထိုက်တယ်ဆိုတာ ပေါ်လာတယ်. . . (မှန်ပါ့) ဘယ်ဟာပေါ်လာသတုန်း. . . (စုတိပဋိသန္ဓေသို့ ရောက်ကြောင်းမဟုတ်တဲ့ တရားပါဘုရား)။

စုတိပဋိသန္ဓေ ရောက်ကြောင်းမဟုတ်တဲ့တရားကို ကိုးကွယ်ဆည်းကပ်သိမ်းလိုက်ပါ. . . (မှန်ပါ့) ဘာတူ သေသေချာချာနော် . . . (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့် ပြောပြီးတဲ့ မင်းတို့လုပ်နေတဲ့ မဂ်စိတ်တွေကတော့ စုတိပဋိသန္ဓေသို့ ရောက်ကြောင်း မဟုတ်တဲ့ တရား (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

မင်းတို့လုပ်နေတဲ့ အကုသိုလ်နဲ့ ဘုံတွေ, ဘဝတွေ လိုချင်တဲ့ ကုသိုလ်တွေကတော့ ဘာတဲ့ (စုတိပဋိသန္ဓေသို့ရောက်ကြောင်းတရားပါဘုရား)။

စုတိပဋိသန္ဓေသို့ ရောက်ကြောင်းဖြစ်တဲ့ တရားလို့ဆိုတော့ ဩော်. . . တရားသားပေါ်လာပြီ ဦးမြရေ- (မှန်ပါ့) မပေါ်သေးဘူးလား. . . (ပေါ်ပါပြီဘုရား)။

ပေါ်ပြီတဲ့၊ ဒါဖြင့် အုတ်တိုက်တည်နေတဲ့ တရားကတော့ ဆင့်ဆင့်- ဆင့်ဆင့်တည်သွားတယ်နော်. . . (မှန်ပါ့) အုတ်တိုက်ဖျက်ချတဲ့တရားလဲရှိတယ် အုတ်တိုက်တည်တဲ့တရားလဲရှိတယ်. . . (မှန်ပါ့)။

**အာစယဂါမိနော ဓမ္မာဆိုတာ** အုတ်တွေတစ်ချပ်တစ်ချပ်စီစီသွားသလို အသေပေါ် အသေထပ်တဲ့တရားက အာစယဂါမိတရား၊ အသေကို ရုပ်သိမ်းတဲ့တရားက အပစယဂါမိတရား. . .၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုရားတပည့်တော်တို့ အာစယဂါမိတော့မကြိုက်ပါဘုရား၊ အပစယဂါမိတရားသာ ကြိုက်ပါတော့တယ် ဆိုတော့ မြန်မာလို မင်းတို့မှတ်စရာက စုတိပဋိသန္ဓေရောက်ကြောင်းတရားတော့

မကြိုက်ဘူးဖြစ်မှာဘဲ. . . (မှန်ပါ့) ဟုတ်လား. . . (မှန်ပါ့ဘုရား)။

စုတိပဋိသန္ဓေသိမ်းပြီး နိဗ္ဗာန်ရောက်ကြောင်းတရားတော့ (ကြိုက်ပါတယ်ဘုရား) ဒါကလေးဟာ လိုရင်းပါပဲ ဦးမြတို့ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့်ဒါ ဘယ့်နှယ်လုပ်ရမှာတုန်း တပည့်တော်တို့ ဒါဖြင့် ဘုရား စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရားတော့ မှီပေါက်နေပြီဘုရား့၊ မဆိုနိုင်ဘူးလား - (ဆိုနိုင်ပါတယ်ဘုရား) သားနဲ့ မယားနဲ့ အရောင်းနဲ့ အဝယ်နဲ့ဟာ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတွေပေါ့ဗျာ. . . (မှန်ပါ့) မဟုတ်ဘူးလား. . . (မှန်ပါ့ဘုရား)။

**မသိခင်တုန်းက လျှုဒါန်းပေးကမ်းတာတွေလဲ ဦးမြကြီး ဆုံး** ဖြတ်ချက်ချစမ်း. . . (စုတိပဋိသန္ဓေသို့ ရောက်ကြောင်းပါဘုရား) ဦးအောင်ဇံဝေ သေချာပလား. . . (သေချာပါပြီဘုရား)။

ဒါဖြင့် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရားတော့ ခင်ဗျားတို့က မှီပေါက်နေပြီဆိုတော့ အုတ်တိုက်တော့ တည်ထားကြပြီ အလောင်းချင်းထပ်တဲ့ အုတ်တိုက်တော့ (မှန်ပါ့) မဟုတ်ဘူးလား . . . (ဟုတ်ပါတယ်ဘုရား)။

အလောင်းသိမ်းတဲ့ အလုပ်တော့ မလုပ်တတ်သေးဘူးဆိုလို့ ရှိရင်ဖြင့် ထပ်လို့ပဲ ဆုံးနိုင်စရာ မြင်သေးရဲ့လား. . . (မမြင်ပါဘုရား) ဒေါ်အုန်းမေကြီးမြင်သေးရဲ့လား- (မမြင်ပါဘုရား)။

ဒါဖြင့် ဘယ်အလုပ်နဲ့ တပည့်တော်တို့ ဘယ်လိုလုပ်မှ စုတိပဋိသန္ဓေသို့ ရောက်ကြောင်း မဟုတ်တဲ့ တရားဖြစ်ရမှာလဲ. . .၊ မောင်မြင့်တို့ မေးဖို့လိုတယ်. . . (မှန်ပါ့) မလိုဘူးလား. . . (လိုပါတယ်ဘုရား)။

အခု အရှင်ဘုရားဟောထားတာလဲ တပည့်တော်တို့ ရှင်းပြီ ဘုရား၊ စုတိပဋိသန္ဓေသို့ ရောက်ကြောင်း တရားလဲသိပြီဘုရား၊ အကု သိုလ်လုပ်နေတာလဲ အပါယ်စုတိ အပါယ်ပဋိသန္ဓေတွေ ဒုက္ခတွေ ရောက်တော့မှပဲဆိုတာ သိပြီဘုရား၊ မသိခင်တုန်းက ပေါ်များချင်လို့၊ နောက်ဘဝ ကောင်းစားချင်လို့ လှူတဲ့အလှူတွေလဲ တပည့်တော်တို့ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းဆိုတာ မောင်အောင်ချီ သိပလား . . . (မှန်ပါ့) ဒါဖြင့် အများဟာဖြင့် ကျွံခဲ့ပြီ၊ ဦးမြ ပြင်ဖို့လိုတော့တာ ပဲ. . . (မှန်ပါ့)။

အများကတော့. . . (ကျွံခဲ့ပါပြီဘုရား) ပြင်ဖို့ပဲ- (လိုပါတယ် ဘုရား) လိုတော့တယ်ဆိုတာဖြင့် ဒါ. . . သေသေချာချာ မှတ်ပေ တော့နော်. . . (မှန်ပါ့)။

ဒါဖြင့် ပြင်ပုံ၊ ပြင်နည်းပဲဘုရား အမိန့်ရှိပါတော့ တပည့်တော် တို့ မှားချက်ကဖြင့် ပြင်းထန်လှချီရဲ့. . .၊ မှားတာလဲ ခုနင်က အရှင် ဘုရားပြောလို့ ရိပ်မိပါပြီ၊ တချို့ဟာ ဘုရားရှေ့သွားမှားတယ်၊ တချို့ ဟာကော ထာကလေးနဲ့မှားတယ်၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါ တယ်ဘုရား) တချို့က ကျောက်ကုန်သည်ဆိုတော့ ထာကလေးနဲ့ မှားနေတယ်၊ ဟင်. . . (မှန်ပါ့) ရလိုမှုတွေနဲ့ ဝယ်ချမ်းစစ်ဆေးကြ၊ လုပ်ကြ၊ ဒါ စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဟုတ်ပါရဲ့လား. . . (ဟုတ်ပါတယ်ဘုရား)။

တချို့ကျတော့လဲ ထာကလေးနဲ့မမှားဘူးလား မောင်မြင့်၊ ရ ဘုရားရှေ့သွားမှားတာလဲ ရှိသေးတယ် (မှန်ပါ့) မရှိဘူးလား (ရှိပါ တယ်ဘုရား)။

ဘုရားရှေ့သွားပြီ ဒီသား၊ ဒီသမီး၊ ဒီမြေး၊ ဒီမြစ်နဲ့ ဒီပန်းလှူ

ရတဲ့အတွက် ဘယ်အခါကာလမှ မခွဲဘဲနဲ့ နေပရစေ-ရောက်ရာဘဝ မှာဆိုတော့ သွားပြီကွ. . . စုတိပဋိသန္ဓေနဲ့သွားပြီ၊ မပါသေးဘူးလား . . . (ပါ-ပါတယ်ဘုရား)။

ဒါ. . . ကိုယ်ပါနေတဲ့ ပါးစပ်ထဲကဟာကို ငါ-ဘာလုပ်နေ တယ်လို့ကို မသိဘူး. . . (မှန်ပါ့) ဦးမြကြီး ကိုယ့်ပါးစပ်ကို ကိုယ် သိသေးရဲ့လား. . . . (မသိပါဘုရား)။

အံမာလေး. . . ကြောက်စရာကြီးပါလား။ ခေါင်းဖြူဖြူနဲ့ အသက်ကြီးတဲ့ ဒကာဒကာမတွေလဲ ကြပ်ကြပ်သတိထားစမ်းပါ၊ မှား ချက်ပြင်းထန်လွန်းလို့ဆိုတဲ့ ဥစ္စာတော်တော် ရှင်းရှင်းပဲ အခုပြောထား ပြီ နာရီဝက်ရှိသွားပြီနော်. . . (မှန်ပါ့). . . ဒါလဲရှင်းရှင်းကို ပြော ခနတာ။

ကိုင်း. . ဒါဖြင့် ဒီလိုလုပ်ကြပါစို့. . စုတိပဋိသန္ဓေသို့ရောက် ကြောင်းတရားတော့ မှိုပေါက်နေလို့ တပည့်တော်တို့ကို ရောက် ကြောင်းတရားမဟုတ်တာကို ပြောပါတော့၊ ဒါမင်းတို့ တောင်းပန်ဖို့ ရှိတယ်. . . (မှန်ပါ့)။

စုတိပဋိသန္ဓေသို့ ရောက်ကြောင်းမဟုတ်တဲ့တရားကို ပြော ပါတော့ဆိုတော့မှ ဦးမြ, ရေ ပြောပြီနော်. . . (မှန်ပါ့)ပြောတော့မှ ဒါ. . . ဘယ်ကလာတာတုန်းဆိုတော့ ဓမ္မသင်္ဂဏီက လာတယ်နော် အခုပြောခဲ့တဲ့ ပါဠိတော်ဟာ. . . (မှန်ပါ့) ဓမ္မသင်္ဂဏီနဲ့ သံယုတ်နဲ့ တွဲဟောရမယ်. . . (မှန်ပါ့)။

ဦးနေဖူး. . . ဓမ္မသင်္ဂဏီနဲ့ သံယုတ်နဲ့တွဲဟောရမယ်. . . (မှန်ပါ့) သဠာယတနသံယုတ်ကျတော့ ဘုရားသခင်ကိုယ်တော်မြတ် ကြီးက မင်းကွာ. . . စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ကရား

မဖြစ်ချင်လို့ရှိရင်လွယ်ပါတယ်ကွာ၊ တစ်ခါမှ မမြင်ဘူးတဲ့ ရှေးကလဲ မမြင်ဖူး-ဘူး အခုလဲ မမြင်ဖူးဘူး။

ရှေးကလဲ မမြင်ဖူးဘူးနော် တစ်ခုသော ပစ္စည်း. . . (မှန်ပါ့) အခုကော မြင်ဆဲကော. . . (မဟုတ်ပါဘုရား) မြင်ဆဲလဲမဟုတ်ဘူး (မှန်ပါ့) ရှေးကလဲ မမြင်ဖူးဘူး၊ အခုလဲ မြင်ဆဲလဲ မဟုတ်ဘူးဆိုတော့ အဲဒီပစ္စည်းတစ်ခုကို ကျုပ်ရချင်တယ်လို့ ဘယ်သူပြောမလဲတဲ့. . (ဘယ်သူမှ မပြောပါဘုရား)။

ရှေးကလဲ မမြင်ဖူးဘူး၊ အခုကော. . . (မြင်ဆဲ မဟုတ်ပါဘုရား) အခုလဲ မမြင်ရသေးဘူး၊ သဘောကျပလား. . . (ကျပါပြီဘုရား) အဲဒါကျုပ် ကြည့်ချင်လိုက်တာလို့ ဘယ်သူပြောမတုန်း. . (ဘယ်သူမှ မပြောပါဘုရား)။

ကြည့်ချင်လိုက်တာဆိုတော့ ဦးအောင်ဇံဝေက တွေးလိုက်၊ ကြည့်ချင်လိုက်တာ ဆိုတဲ့ ဥစ္စာသည် တဏှာသံ ထွက်တယ်. . (မှန်ပါ့) မဟုတ်ဘူးလား. . . (မှန်ပါ့)။

အခုတော့ ရှေးကလဲ မမြင်ဖူးဘူး၊ အခုလဲ မြင်ဆဲမဟုတ်ဘူးဆိုတော့ ကြည့်ချင်လိုက်တာဆိုတဲ့ စကားဟာမောင်မြင့်လာမလား. . . မလာဘူးလား. . . (မလာပါဘုရား) ရှင်းပလား. . (ရှင်းပါပြီဘုရား)။

မလာဘူးနော်. . . (မှန်ပါ့) ဒါဖြင့် တွေ့ချင်တဲ့တဏှာ, မြင်ချင်တဲ့တဏှာ, ကြားချင်တဲ့ တဏှာ လာပါ့မလား. . . (မလာပါဘုရား) ဘာဖြစ်လို့တုန်း- ရှေးကလဲ မမြင်ဖူး မကြားဖူးလို့ မစားဘူးလို့. . . (မှန်ပါ့ဘုရား) အခုလဲ မြင်ဆဲ, ကြားဆဲဆိုတာမရှိလို့. . (မှန်ပါ့)။

အဲဒီပစ္စည်းမျိုးကို ရချင်လိုက်တာ. . . လို့ ပြောတဲ့ ပုဂ္ဂိုလ် ဒီအထဲတစ်ယောက်မှပါမှာမဟုတ်ဘူး (မပါပါဘုရား) ပါသေးရဲ့လား (မပါပါဘုရား) ဦးမြရှင်းပြီ၊ မရှင်းသေးဘူးလား (ရှင်းပါပြီဘုရား)။

ရှေးကလဲ မမြင်ဘူး, မတွေ့ဘူး, မကြားဘူးလား၊ အခုမြင် ကြားတွေ့ဆိုတာ မောင်မြင့်လက်ရှိလဲ မဟုတ်ဘူး. . . (မှန်ပါ့) အဲဒီ ပစ္စည်းမျိုးကို ကျုပ်ရချင်လိုက်တာလို့ ရချင်တဲ့ တဏှာလာရဲ့လား. . မလာဘူးလား. . . (မလာပါဘုရား) မလာရင် ဥပါဒါန်ကော. . . (မလာပါဘုရား) ဥပါဒါန်မလာလို့ ရှိရင် အားထုတ်တဲ့ကံကော. . . (မလာပါဘုရား)။

ကောင်းပြီ. . .၊ ဒါဖြင့် ဦးမြတရားသား နည်းနည်းပေါ်လာ တယ်၊ တရားသား နည်းနည်း ပေါ်လာတယ်. . . (မှန်ပါ့)။

ဒကာဒကာမတို့. . . အဘိဓမ္မာတရားကို ဟောရတော့ ဦးအောင်ဇံဝေ မလွယ်ဘူးနော် (မလွယ်ပါဘုရား) မလွယ်ဘူး သေသေချာချာ ဉာဏ်နားနဲ့ထောင်မှ ခင်ဗျားတို့ အမှားကို အကုန်ပြင် နေတာ ဖြစ်နေသောကြောင့် ဉာဏ်နားနဲ့ ကြီးကြီးကျယ်ကျယ်ကို ထောင်မှ သူကကိုက်မှာ . . . (မှန်ပါ့ဘုရား)။

မောင်အောင်ချို ဉာဏ်နားနဲ့ ကြီးကြီးကျယ်ကျယ်ထောင်နော် . . . (မှန်ပါ့) ဝမ်းသာစရာ မပါဘူး၊ ဒုက္ခသိမ်းတာပဲဟောမှာပဲ. . . (မှန်ပါ့ဘုရား)။

ဝမ်းသာစရာတော့ မပါ-ပါဘူး၊ ဒုက္ခသိမ်းစရာဘော့. . . (ဟောမှာပါဘုရား) ဒုက္ခသိမ်းတော့ပါမယ်. . . (မှန်ပါ့ဘုရား)။

ကဲ. . . ဒါဖြင့် ရှေးက မမြင်ဖူး-မကြားဖူးတဲ့ပစ္စည်း၊ ယခုလဲ မြင်ကြားဆိုတာ အခုလဲ မရှိပါဘူး၊ အဲဒီပစ္စည်းမျိုးကို အားလုံး တဏှာ

တစ်ပွဲလုံးက မြင်ချင်တယ်, ကြားချင်တယ်, စားချင်တယ်, တွေ့ချင်တယ်လို့ လာမလား. . . (မလာပါဘုရား) ဘာ့ကြောင့်တုန်းဆိုတော့ ရှေးကလဲ မမြင်, မကြား, မတွေ့၊ အခုလဲ မြင်ဆဲ, တွေ့ဆဲ, ကြားဆဲ ဦးမြဟုတ်ပါရဲ့လား. . . (မဟုတ်ပါဘုရား) သဘောပါပလား. . . (ပါ-ပါပြီဘုရား)။

အဲဒီတော့ တဏှာ လာသေးရဲ့လား. . . (မလာပါဘုရား) တဏှာ မလာရင်. . . (ဥပါဒါန်မလာပါဘုရား) ဥပါဒါန်မလာရင် . . . (ကံ-မလာပါဘုရား)။

**ဒါဖြင့် ကံလာရင်** ဟိုဘက်ပဋိသန္ဓေပေါ်မယ်၊ ပဋိသန္ဓေပေါ်ရင် မောင်မြင့်စုတိကော . . . (ပေါ်မှာပါဘုရား) ပဋိသန္ဓေနေရင် သေမှာပဲ . . . (မှန်ပါ့ဘုရား)။

ဒါဖြင့် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရားဟာ အခုပဋိစ္စသမုပ္ပါဒ်နဲ့ ပြောလိုက်တော့မှ တဏှာ, ဥပါဒါန်လဲ စုတိပဋိသန္ဓေသို့ ရောက်ကြောင်း၊ ကံလဲရောက်ကြောင်း. . . (မှန်ပါ့) ပေါ်ပလား . . . (ပေါ်သွားပါပြီဘုရား)။

တဏှာ, ဥပါဒါန်လဲ (စုတိပဋိသန္ဓေသို့ ရောက်ကြောင်းပါဘုရား) ကံကော (စုတိပဋိသန္ဓေသို့ရောက်ကြောင်းပါဘုရား)။

ဩော်. . စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရား အခုပဋိစ္စသမုပ္ပါဒ်နဲ့ သေသေချာချာ ထောက်ပြလိုက်တော့မှ ဦးမြရေ ပို့ရှင်းတယ်. . . (မှန်ပါ့ဘုရား)။

ဘယ်ကံတုန်းဘုရား၊ အို. . . ဘယ်ကံရယ်လို့ မဟောပါဘူး၊ ကံဟူသရွေ့ဟာ ဒီလိုပါပဲ. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဘယ်ကံရယ်လို့ ဘုန်းကြီးက ကုသိုလ်ကံ အကုသိုလ်ကံရယ် လို့ မဟောတော့ပါဘူး မောင်မြင့်ရ. . . (မှန်ပါ့) စုတိပဋိသန္ဓေသို့ ရောက်ကြောင်းချည့် မှတ်လိုက်ပါ. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

အဲဒါ. . . ဒကာ ဒကာမတွေက ဆင်ခြေလဲပြီး သကာလ ကျပ်တော့ ကံကောင်းကလေး လုပ်နေတယ်လို့ အံမာလေး ဆင်ခြေ လဲ မနေနဲ့ စုတိတော့ လာဦးမှာပဲ ပဋိသန္ဓေကော. . . (လာမှာပါ ဘုရား)။

ဒါ့ကြောင့် နေ့လယ်က မောင်မြင့်တို့, မောင်အောင်ချီတို့ ကံ ပြတ်အရေးကြီးတယ်ဆိုတာ ခင်ဗျားတို့အရေးတကြီး မပြောထိုက်ဘူး လား. . . (ပြောထိုက်ပါတယ်ဘုရား) ကံမပြတ်ရင် နိဗ္ဗာန်ရောက်ပါ့ မလား. . . (မရောက်ပါဘုရား)။

ကဲ. . . ဒါဖြင့် ဒကာဒကာမတို့ စုတိပဋိသန္ဓေသို့ ရောက် ကြောင်းတရား တွေ့ပြီနော်. . . (မှန်ပါ့) တဏှာ, ဥပါဒါန်ဟာ ဘာ တရားပါလိမ့် (စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရားပါဘုရား)ကံ တရားကော ဘယ့်နှယ်ဆိုကြမလဲ. . . (စုတိပဋိသန္ဓေသို့ ရောက် ကြောင်းတရားပါဘုရား)။

ကမ္မဘဝပစ္စယာ ဇာတိကို၊ ဘုန်းကြီးက ဆောင်ဟောနေတာ လား ဦးမြကြီးတို့, ဦးအောင်ဇံဝေတို့. . . (မဟုတ်ပါဘုရား) ဓမ္မနိယာ မလား. . . (ဓမ္မနိယာမပါဘုရား)။

ဓမ္မနိယာမအတိုင်း ဟောနေတာဖြစ်တော့ကိုဟာ- ဘုန်းကြီး က စကားတတ်လို့ပဲ ဒကာဒကာမတွေကို အမျိုးမျိုးဟောနေတယ်လို့ ဒီလိုမဆိုနဲ့တော့. . . (မှန်ပါ့) ကမ္မဘဝပစ္စယာ ဇာတိပဲ (မှန်ပါ့)

ဇာတိပစ္စယာ ဇရာမရဏဆိုတော့ ဟိုဘက်ကအသေလဲ ပါလာတာပဲ. . . (မှန်ပါ့) မပါသေးဘူးလား. . . (ပါ-ပါတယ်ဘုရား) ပါတော့ ငြင်းဖို့လိုသေးသလား. . . (မလိုပါဘုရား)

ဒါဖြင့် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရား လက်သည်တွေ့ပြီ. . . (မှန်ပါ့) တဏှာ, ဥပါဒါန်ရယ်, ကံရယ်. . . (မှန်ပါ့) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဘာတွေ့သလဲ- (တဏှာ, ဥပါဒါန်နဲ့ ကံတွေ့ပါတယ်ဘုရား) တဏှာ, ဥပါဒါန်ရယ်ကံရယ်. . . (မှန်ပါ့) မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)။

တိုတိုပြောတော့ တဏှာ, ဥပါဒါန်ဖြစ်တဲ့ တရားနှစ်ခုရယ်, ကံတစ်ခုရယ်ဆိုတော့ ကိလေသာဝဋ်နဲ့ ကမ္မဝဋ်ဆိုရုံပါပဲ. . . (မှန်ပါ့) မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

ကောင်းပြီ- ဒါဖြင့် ဘယ်ကံတုန်းလို့ မောင်အောင်ချီတို့ မေးရင်ဘယ့်နှယ်ဆိုပ့ါမယ်. . . (အပါယ်ချတဲ့ ကံပါဘုရား) ဘယ်ကံဖြစ်ဖြစ် ဒီကံက ကောင်းတယ်၊ ဒီကံက မကောင်းဘူး၊ မကောင်းတဲ့ကံကလဲ စုတိပဋိသန္ဓေတော့ ပေးတာပဲ. . . (မှန်ပါ့)၊ ကောင်းတဲ့ကံကကော. . . (စုတိပဋိသန္ဓေပေးတာပါပဲဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာနဲ့ ဝေဘန်လိုက်တဲ့ အခါကျတော့ ဒုက္ခပေးတာချည့်ပဲ. . . (မှန်ပါ့) ဆိုနိုင်ကြပလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

အဲ. . . ဆိုနိုင်ကြတော့ကိုတဲ့ ဒါ. . . အာစယဂါမိနောမှော စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရားဆိုတာ သူပဲ. . . (မှန်ပါ့ဘုရား) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

မောင်မြင့်တို့ ရှင်းပလားကွ. . . (ရှင်းပါပြီဘုရား) ကိုင်း. . .

ဒါဖြင့် စုတိပဋိသန္ဓေသို့ ရောက်ကြောင်းတရားဆိုတဲ့ ဥစ္စာ အခုရှင်း သွားတော့ စုတိပဋိသန္ဓေသို့ရောက်ကြောင်း တရားမဟုတ်တာ ကတော့ ဒကာဒကာမတို့ ခင်ဗျားတို့ စိတ်ကလေးကို ခင်ဗျားတို့ ရှေးကကော မြင်ဖူးရဲ့လားလို့မေးရင် ဘယ့်နှယ်ပြောကြမလဲ. . . (မမြင်ဖူးပါဘုရား) အခုလဲ မြင်ဆဲလားလို့ မေးလို့ရှိရင်. . . (မမြင်ပါ ဘုရား)။

သို့သော်. . . ဆရာဘုန်းကြီးက အခုဆယ့်နှစ်ခုနည်းပေး ထားတယ်၊ တစ်စိတ်ကလေးစီ ပေါ်နေတာ. . . (မှန်ပါ့) မပေါ်ဘူး လား. . . (ပေါ်ပါတယ်ဘုရား)။

ဦးမြ ဘယ်နှစ်ခုပေးထားသတုန်း. . . (ဆယ့်နှစ်ခုပေးထားပါ တယ်ဘုရား) အဲဒါ ရှေးကမြင်ဖူးရဲ့လား မေးရင်ဘယ့်နှယ်ဖြေကြ မလဲ. . . (မမြင်ဖူးပါဘုရား) အခုလဲ မြင်ဆဲလားမေးရင် (မဟုတ်ပါ ဘုရား)။

အဲဒါကလေးကို ဆရာဘုန်းကြီးက ကွာ. . . လာတဲ့အခါကျ လို့ရှိရင်ဖြင့် သူတို့သဘောကို လမ်းဆုံးလိုက်ကြည့်စမ်းပါလို့ ဆရာ ဘုန်းကြီးက ဟောတယ်၊ လမ်းဆုံးလိုက်ကြည့်တော့ မောင်အောင်ချို တို့, မောင်မြင့်တို့က ဘာသွားတွေ့သတုန်း. . . (အပျက်တွေ့ပါ တယ်ဘုရား) မရှိတာဘဲ တွေ့တယ်. . . (မှန်ပါ့) ဟင်ဖြစ်ပြီးပျက်တဲ့ မရှိတာဘဲတွေ့တယ်. . . (မှန်ပါ့ဘုရား)။

ရှိတာတွေ့သလား. . . မရှိတာတွေ့သလား. . . (မရှိတာ တွေ့ပါတယ်ဘုရား) ဩော်. . . အဲဒီမရှိတာကလေးကို မင်းတို့ ကစားချင်တယ်, သောက်ချင်တယ်, ဝတ်ချင်တယ်လို့ ပါသေးသလား မပါပါဘုရား) မရှိတာကလေး ကြည့်ရတော့ စိတ်ဖျက်တယ်လို့ကော

လာသေးသလား (မလာပါဘုရား)။

**ဒါဖြင့်** မရှိတာကလေး မြင်လိုက်တဲ့ ပုဂ္ဂိုလ်ဟာတဲ့တဏှာ ဥပါဒါန်လဲ မောင်မြင့်လာသေးသလား. . . (မလာပါဘုရား) စိတ်ပျက်တဲ့ ဒေါသ, သောကကော. . . (မလာပါဘုရား) မသိ,မမြင်တဲ့ အဝိဇ္ဇာကော. . . (မလာပါဘုရား)။

ဒါဖြင့် သူ့ကို ရှေးကလဲ မမြင်ဖူး၊ အခုလဲမြင်ဆဲမဟုတ်ဘူးနော် . . . (မှန်ပါ့) အခုလဲမြင်ဆဲ မဟုတ်တဲ့တရားကို ဘုန်းကြီးက အကြည့်ခိုင်းလိုက်တော့ကို သူ့ကို မြင်လဲမမြင်ရဘူး၊ ဖြစ်ပေါ်သွားတာလဲ အမှန်သား၊ ပျက်သွားတာလဲ အမှန်သား၊ ကြည့်လိုက်တော့လဲ မရှိတာဘဲ တွေ့တယ်. . . (မှန်ပါ့ဘုရား)။

ဘယ့်နှယ်တုန်းကြည့်လိုက်တော့ ဘာတွေ့သတုန်း (မရှိတာဘဲ တွေ့ပါတယ်ဘုရား)။

ဘာဖြစ်လို့တုန်း၊ ဆိုတော့ မြင်ဆဲလဲမဟုတ်ဘူးဆိုတော့ ဒီ အမြင်ခံတဲ့စိတ်နဲ့ မြင်တဲ့စိတ်နဲ့ ပြိုင်နိုင်ပါ့မလား. . . (မပြိုင်နိုင်ပါဘုရား)။

ဒါကြောင့် မြင်ဆဲလဲမဟုတ်ဘူး. . . (မှန်ပါ့) ရှေးကမြင်ဖူးရဲ့လားဆိုတော့ အို-ချုပ်သွားတာကြီး ခင်ဗျားတို့က မြင်ပါတယ်ဆိုတော့ အပိုပြောတာပေါ့. . . (မှန်ပါ့) ရှေးကကော မြင်ဖူးကြရဲ့လား . . . (မမြင်ပါဘုရား)။

ဒါဖြင့် ဒီတရားကို ရှုလိုက်တဲ့ပုဂ္ဂိုလ်များကျတော့ မြင်ဘူးလဲ မဟုတ်, မြင်ဆဲလဲမဟုတ်သောကြောင့် ခင်ဗျားတို့မှာ ဩော်-မရှိတာဘဲ သိလိုက်တယ်ဆိုတော့ တဏှာ, ဥပါဒါန်လာသေးရဲ့လား . . . (မလာပါဘုရား)။

မလာလို့ရှိရင်ဖြင့် ဝိဇ္ဇာလာမယ်. . . (မှန်ပါ) မဆိုနိုင်ဘူး လား. . . (ဆိုနိုင်ပါတယ်ဘုရား) မဂ်ပညာလာတယ်။ ဦးမြကျေနပ် ပလား. . . (ကျေနပ်ပါပြီဘုရား)။

ရှေးကတော့ မြင်ဖူးတာကို သူရှုတာဟုတ်သေးရဲ့လား (မဟုတ်ပါဘုရား) မြင်ဆဲရှုတာကော. . . (မဟုတ်ပါဘုရား) မြင်ဆဲ လဲ နှစ်ခုမပြိုင်နိုင်ဘူး၊ ပြိုင်နိုင်ကြရဲ့လား. . . (မပြိုင်နိုင်ပါဘုရား) မပြိုင်နိုင်တော့ သူ- မရှိတာဘဲ သိလိုက်တယ်. . . (မှန်ပါ့)။

ဒါကြောင့် မင်းတို့ည, ရှုတဲ့အခါ မရှိတာသိရင်တော်ပြီ. . . (မှန်ပါ့) မျက်လုံးစိတ်ကလေး ပေါ်သွားတာ မရှိတာသိရမယ် နားထဲ ပေါ်သွားရင်. . . (မရှိတာသိရပါမယ်ဘုရား)။

မရှိတာသိလိုက်လို့ရှိရင်ဖြင့် မရှိတာသိတဲ့ပုဂ္ဂိုလ်ဟာ ဒီ- မရှိတာကလေးကို လိုချင်တယ်၊ ရချင်တယ် လာသေးရဲ့လား(မလာ ပါဘုရား) မလာရင်တဏှာ ဥပါဒါန်ချုပ်တယ် (မှန်ပါ့) တဏှာဥပါဒါန် ချုပ်ရင် ကံချုပ်တယ်. . . (မှန်ပါ့)။

ဒီမရှိတာကလေးကိုပင်လျှင် ကျုပ်စိတ်ပျက်လိုက်တာ၊ မရှိ မရှိနေတဲ့ ဥစ္စာကလေး စိတ်ပျက်လိုက်တာလို့ကော လာသေးရဲ့လား (မလာပါဘုရား) ဒါဖြင့် ဒေါသ, သောကဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကော လာသေးရဲ့လား. . . (မလာပါဘုရား)။

မရှိတာကလေးကို ကျုပ်ဖြင့် မှန်မှန်သိပြီလို့ဆိုသဖြင့် မသိတာ လား. . . သိတာလား (သိတာပါဘုရား) သိတာဖြင့် ဝိဇ္ဇာပဲ (မှန်ပါ့) အဝိဇ္ဇာချုပ်ပြီ. . . (မှန်ပါ့) မချုပ်သေးဘူးလား. . . (ချုပ်သွားပြီ ဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် မင်းတို့ကို ပေးထားတဲ့ တရားဟာ စုတိပဋိသန္ဓေကို

ဖျက်ချနေတဲ့ တရားပါလား. . . (မှန်ပါ့) စုတိပဋိသန္ဓေ ရောက်ကြောင်းဖြစ်တဲ့ တဏှာ, ဥပါဒါန်ကော လာသေးရဲ့လား. . . (မလာပါဘုရား) ကံကော. . . (မလာပါဘုရား)။

ဒါဖြင့် စုတိပဋိသန္ဓေရောက်ကြောင်း ဖြစ်တဲ့ခန္ဓာကိုယ်အလောင်းထပ်တဲ့တရားတွေကို ကျုပ်တို့က ဖယ်ထုတ်နေတာ (မှန်ပါ့)။

ဘာပါလိမ့်. . . (ခန္ဓာကိုယ် အလောင်းထပ်တဲ့တရားတွေ ဖယ်ထုတ်နေပါတယ်ဘုရား) ခန္ဓာကိုယ်အလောင်းထပ်တဲ့ တရားကို ဖယ်ထုတ်နေတဲ့ တရားဆိုတော့ နိဗ္ဗာန်ရောက်ကြောင်း တရားဟုတ် - မဟုတ် (ဟုတ်ပါတယ်ဘုရား)။

ဦးနေဖူးကြီး တွေ့ပြီ၊ ဒါဖြင့် မတွေ့သေးဘူးလား (တွေ့ပါပြီဘုရား) ဦးမြကြီး ကောင်း-မကောင်း မတွေ့သေးဘူးလား (တွေ့ပါပြီဘုရား)။

ဒကာဒကာမတို့ ဒါက သံယုတ်ပါဠိတော် ကြည့်ပြောနေတယ်၊ ဟိုပါဠိတော်နှစ်ခုက ဓမ္မသင်္ဂဏီပါဠိတော်. . (မှန်ပါ့) အခု ဥပမာနဲ့ တကွပြတာက သံယုတ်ပါဠိတော် (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ကဲ. . . ဒါဖြင့်မောင်မြင့်တို့, မောင်အောင်ချိတို့က အားထုတ်နေဆဲ ပုဂ္ဂိုလ်တွေမို့ ကြားစိတ်ကလေးပေါ်တယ်၊ ရှေးက ဒီစိတ်မျိုး ဒီနေရာမှာ ပေါ်ဘူးရဲ့လား. . . (မပေါ်ဘူးပါဘုရား)။

အခုလဲ မင်းတို့ရှုနေတော့ ပေါ်ဆဲ. ဟုတ်ကဲ့လား (မဟုတ်ပါဘုရား) မရှိတာ သိလိုက်တာပဲရှိတယ်. . . (မှန်ပါ့)။ အဲဒီမရှိတာကလေးကို မင်းတို့က သာယာသေးသလား. . . (မသာယာပါဘုရား)

ဖြစ်မှားသေးလား. . . (မဖြစ်မှားပါဘုရား)။

ဟာ. . . ဒါဖြင့် မင်းတို့ သာယာရင်လဲ တဏှာ, ဥပါဒါန်, ကံဆိုတဲ့ စုတိပဋိသန္ဓေရောက်ကြောင်း တရားလာမယ်ပေါ့ . . . (မှန်ပါ့) ဆိုနိုင်မလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

မသာယာလို့ရှိရင် စိတ်ပျက်လို့ရှိရင်လဲ ဖြစ်မှားလို့ ရှိရင်လဲ ဒေါသ, သောက, ပရိဒေဝလာမယ်ပေါ့. . . (မှန်ပါ့) စုတိပဋိသန္ဓေ ရောက်ကြောင်းပဲလာဦးမယ်. . . (မှန်ပါ့) ဦးမြကြီးမလာပေဘူးလား . . . (လာပါတယ်ဘုရား)။

အခုခင်ဗျားတို့က မရှိတာသိ, မရှိတာသိ, မရှိတာသိ ဆိုတော့ မောင်အောင်ချီတို့က အင်း. . . စုတိပဋိသန္ဓေသို့ ရောက်ကြောင်း တရားလာသေးရဲ့လား. . . (မလာပါဘုရား)။

သေသေချာချာ မှတ်ပါနော်. . .၊ စုတိပဋိသန္ဓေသို့ ရောက် ကြောင်းတရားလာသေးရဲ့လား. . . (မလာပါဘုရား) မလာလို့ရှိရင် ဖြင့် အလောင်းတွေရုပ်သိမ်းတဲ့ တရားဆိုရင် ဦးအောင်ဇံဝေက ငြင်း ချင်သေးသလား (မငြင်းချင်ပါဘုရား) နောက်လာမည့် အလောင်း တွေကို ဘာတုန်း (ရုပ်သိမ်းပါတယ်ဘုရား) အကုန်ရုပ်သိမ်းတယ် . . . (မှန်ပါ့)။

ဒါဖြင့်. . . အသုဘဇာတ်, မသာဇာတ်ကို သိမ်းတဲ့တရား (မှန်ပါ့) မင်းတို့လုပ်နေတဲ့ တရားဟာ ဘာတရားပါလိမ့်. . . (အသုဘဇာတ်, မသာဇာတ်သိမ်းတဲ့ တရားပါဘုရား)။

ခင်ဗျားတို့ တစ်ခါတစ်ခါညည်းကြတယ်. . . မြို့ထဲရွာထဲမှာ ဒကာဒကာမတွေက မသာဖိတ်စာတွေက လာလိုက်တာ စိတ်များ ပျက်ပါခေပါ့၊ မလာဘူးလား (လာပါတယ်ဘုရား)။

မသာဖိတ်စာတွေက မနည်းပါဘူး ဟိုကလာ၊ ဒီကလာနဲ့ စိတ်များပျက်ပါပေ့ါဆိုတော့ မသာဆိုရင် စိတ်ကိုပျက်နေတာ (မှန်ပ့ါ) စိတ်ပျက်ပေမယ့် မသာမသိမ်းတတ်ဘူး သူ. . . (မှန်ပ့ါဘုရား)။

ကိုယ့်မသာသိမ်းတတ်လို့ရှိရင် သူများမသာလိုက်ဖို့ လိုသေး သလား. . . (မလိုပါဘုရား) အခုတော့ ကိုယ့်မသာမသိမ်းတတ်တာ နဲ့ သူများမသာတွေကျမှ ခင်ဗျားတို့ စိတ်ပျက်နေရတယ်. . (မှန်ပ့ါ) ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် မောင်မြင့် ဘာမသာ အရင်သိမ်းရမှာတုန်း (ကိုယ့် မသာ အရင်သိမ်းရမှာပါဘုရား) ကိုယ့်မသာ အရင်သိမ်းရမယ်ဆို တော့ ကိုယ့်ခန္ဓာကိုယ်ကြီးက အသုဘကိုး. . . (မှန်ပ့ါ)။

နောက်က ဒကာဒကာမတွေ ဘယ်သူ့မသာ အရင်သိမ်းရ မတုန်း. . . (ကိုယ့်မသာ အရင်သိမ်းရပါမယ်ဘုရား)။

ကိုယ့်မသာ ကိုယ့်အသုဘကြီးကို အရင်သိမ်းမှသာလျှင် မောင်အောင်ချိ ဒို့ပြင်အသုဘတွေ သိမ်းပြီးသားဖြစ်မှာကိုး. . . (မှန်ပ့ါ)။

ကိုယ့်အသုဘမရှိလို့ရှိရင်ဖြင့် ခင်ဗျားတို့ လိုက်နေကတည်း က ဩော်. . . သူ့အသုဘ မလိုက်လို့ရှိရင် ကိုယ့်ကိစ္စရှိ ဘယ့်နှယ် လုပ်မတုန်း၊ ဟာ. . . လှည့်လာတာပဲ (မှန်ပ့ါ) ဦးမြဘယ့်နှယ်တုန်း မလှည့်ဘူးလား. . . လှည့်သလား (လှည့်ပါတယ်ဘုရား)။

ဩော်. . . ဒါကြောင့် မသာပို့တယ်ဆိုတာ ရိပ်မိပြီ ဒကာ ဒကာမတို့ ရိပ်မိကြပလား. . . (မှန်ပ့ါဘုရား) မသာပို့တာများ ခင်ဗျား တို့ ခုမှ ရိပ်မိတယ်ထင်တယ်. . . (မှန်ပ့ါ)။

ကိုယ့်မသာရှိနေတော့ ဒကာဒကာမတွေက ဒါကလေးတော့

သွားလိုက်ဦးမှ ကောင်းတယ်၊ မလာဘူးလား (လာပါတယ်ဘုရား) ဘယ့်နှယ်ကြောင့်တုန်းဆိုတော့ စပ်နေကြတယ်၊ နောင်ကိုယ့်အရေးကြုံတော့လဲ ဒါမှ ဝိုင်းဖော်ရမှာပေါ့ (မှန်ပါ့ဘုရား)။

ဟာ. . . ဒါဖြင့် ဒကာဒကာမတွေ ခင်ဗျားတို့ဟာ လက်ဖက်ကမ်းသလိုဖြစ်နေပြီ၊ သူ့လက်လာလို့ ကိုယ့်လက်လာအောင် လုပ်နေကြတာပဲ. . . (မှန်ပါ့) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

ဒါကိုပင်လျှင် ဒကာဒကာမတွေကို စုတိပဋိသန္ဓေသို့ရောက်ကြောင်း မောင်မြင့်ထပ်လုပ်နေမယ်ဆိုလို့ရှိရင် ဟိုမသာကြောင့် စိတ်ပျက်၊ ကိုယ့်မသာမလာမှာစိုးလို့ စိုးရိမ်၊ ဒါနဲ့အချိန်ကုန်နေမှာပဲ. . . (မှန်ပါ့ဘုရား)။

ဟိုမသာအတွက်လဲ သွားရပါများတော့ စိတ်ပျက်တယ်၊ မဟုတ်ဘူးလား. . . (မှန်ပါ့) သို့သော် ကိုယ့်မသာအတွက်ကလဲ စိုးရိမ်တယ်၊ ကိုယ့်မသာလဲ လူမစည်, သူမစည်ဖြစ်မှာလဲ ဦးမြစိုးရိမ်သေးတာကိုးဗျ. . . (မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ ဇာတ်ထုတ်ကြီးကဖြင့် ကြောက်စရာဇာတ်ထုတ်ကြီးပါလား. . . . **မျက်စိကလည်လိုက်တာ လွန်နေပြီ** (မှန်ပါ့) မလည်ဘူးလား. . . (လည်ပါတယ်ဘုရား) ရှင်းကြရဲ့လား နောက်က ဒကာဒကာမတွေ. . . (ရှင်းပါတယ်ဘုရား)။

ပြောကတည်းက ခင်ဗျားတို့ဟာက သူ့လက်လာမှ ကိုယ့်လက်လာတော့မပေါ့၊ ဟော့. . . မောင်မြင့်ဒီအပြောမျိုး မရှိဘူးလားကွ. . . (ရှိပါတယ်ဘုရား)။

သူ့လက်လာမှ ကိုယ့်လက်လာမှာတဲ့၊ သူ့မသာပို့မှကိုယ့်မသာပို့မှာဆိုတဲ့စကားနဲ့ ဘာထူးသေးတုန်း (မထူးပါဘုရား) ဒါဖြင့် ကိုယ့်

မသာသိမ်းလိုက်၊ သူများမသာအတွက် စိတ်ပျက်စရာ. . . (မလိုပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် သူများမသာမသေပါစေနဲ့ ဆုတောင်းလို့ မဖြစ်ဘူး (မှန်ပါ့) ကိုယ်မသေရအောင် လုပ်တဲ့အလုပ်သာ အရေးကြီးတယ် (မှန်ပါ့)။

ဦးမြတရားသားပေါ်လာပြီ ဟင်. . . (မှန်ပါ့) တရားသားပေါ်လာပြီ ဒကာဒကာမတို့ သူများမသာတွေလိုက်ပို့နေရတာ စိတ်ပျက်နေရတာ ခင်ဗျားတို့ အပိုပဲ. . . (မှန်ပါ့) ကိုယ့်မသာ မသိမ်းတတ်သ၍ ပို့နေရမှာပဲ. . . (မှန်ပါ့) ဘယ့်နှယ်တုန်း (ကိုယ့်မသာမသိမ်းတတ်သ၍ ပို့နေရမှာပါပဲဘုရား)။

အံမာလေး. . . ဘုန်းကြီးအတော်ပြောတယ်လို့ကို၊ ကိုပေါ်ကလဲ အောက်မေ့ချင် အောက်မေ့နေဦးမှာ၊ ခင်ဗျားတို့ လွဲနေလို့ ဖော်ပြောနေရတာ. . . (မှန်ပါ့)။

ဟေ. . တို့အရပ်ကလူတွေ ဒီလိုနေလို့ မဖြစ်ဘူးဟေ့. . . တို့အရပ်ကိစ္စရှိတော့ ခက်လိမ့်မယ်ဆိုတာ မသာပြောနေတာ သူ့ဟာက (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဘာပြောနေကြသတုန်း. . . (မသာပြောနေကြတာပါဘုရား) **တို့မှာအရပ်ကိစ္စရှိတော့** မခက်ဘူးလားကွာ၊ အစရှိသည်နဲ့ ဦးမြရေ ဒါပဲဗျ. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီရွာထဲ အသင်းအပင်းကလေးတွေ ဖွဲ့ကြတာလဲ ဘာ့ကြောင့်ပါလိမ့်. . . (မသာကြောင့်ပါဘုရား) အံမာလေး. . . ကြောက်စရာကြီးပါလား. . .။

ဒါဖြင့်ဒီရွာထဲ မသာမရှိချင်ဘူးလို့ ဆိုလို့ရှိရင်တော့ဖြင့်

ခင်ဗျားတို့ ကိုယ့်မသာရှိနေရင် အသင်းအပင်းဖွဲ့နေရဦးမှာပဲဟင်. . . (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့် ဒီလိုလုပ်ကြပါစို့ ဆိုတော့ သူများမသာကို စိတ်ပျက်ချင်လို့ရှိရင်ဖြင့် စိတ်ပျက်တာ ဇာတ်သိမ်းချင်ရင် ကိုယ်မသာသိမ်း. . . (မှန်ပါ့)။

ဘာတဲ့တုန်း (ကိုယ့်မသာအရင်သိမ်းရမှာပါဘုရား) သူများမသာ စိတ်ပျက်ရင် မောင်မြင့် ဘာလုပ်မတုန်းကွ. . . (ကိုယ့်မသာသိမ်းရမှာပါဘုရား) ကိုယ့်အသုဘကြီး သိမ်းလိုက်. . . (မှန်ပါ့) ဦးမြရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် သိမ်းနည်းဟာ. . . တဲ့ မင်းတို့သန္တာန်မှာ ဒီစိတ်ကလေးတွေ ဘယ်စိတ်ပေါ်ပေါ် ဆယ့်နှစ်ချက်ရှိပါတယ်၊ အဲဒီဆယ့်နှစ်ချက်ဟာ ရှေးကလဲ မမြင်ဖူးဘူး၊ မြင်ဖူးကြရဲ့လား. . . (မမြင်ဘူးပါဘုရား)။

အဲခုကော မြင်ဆဲဟုတ်ပါရဲ့လား (မဟုတ်ပါဘုရား) အဲဒါကလေးသာ ရှုနေလို့ရှိရင် သာယာတဲ့တဏှာမလာဘူးကွ. . . တဲ့ (မှန်ပါ့) ပြစ်မှားတဲ့ဒေါသ. . . (မလာပါဘုရား) မိုက်မဲတဲ့ အဝိဇ္ဇာ (မလာပါဘုရား)။

ဒါဖြင့် တို့လုပ်နေတဲ့အလုပ်ဟာ မသာသိမ်းတဲ့အလုပ်ပါလား (မှန်ပါ့) ဘယ်သူ့မသာသိမ်းတာတုန်း. . . (ကိုယ့်မသာသိမ်းတဲ့အလုပ်ပါဘုရား)။

ကိုယ့်မသာသိမ်းတဲ့ တစ်နေ့ကျလို့ရှိရင် သူများမသာကော **အဖိတ်ခံရသေးရဲ့လား.** . . (မခံရပါဘုရား) အသင်းအဖွဲ့ကိုကော (မလိုပါဘုရား) မလိုတော့ဘူးဆိုတာပေါ်ကြပလား. . . (ပေါ်ပါပြီ

ဘုရား)။

ဒါ. . . ဘယ်မှာ ဟောသလဲလို့ ဦးမြကြီးမေးတော့မှ သံယုတ်ပါဠိတော်မှာ ဟောတယ်နော်- (မှန်ပါ့) ခင်ဗျားတို့ကြားတော့ ကြားဖူးတယ်တဲ့၊ ဒါ. . . မာလုကျပုတ္တဟောနေတာ. . . (မှန်ပါ့ ဘုရား) ရိပ်မိကြပလား. . . (မှန်ပါ့ဘုရား)။

မာလုကျပုတ္တဆိုတာက အသက် (၇၀) လောက်ရှိမှ ဘုရားဆီ တရားတောင်းတာ သင်္ကန်းဝတ်ပြီးတော့. . . (မှန်ပါ့) မာလုကျပုတ္တ က အရှင်ဘုရား. . . တပည့်တော်ကို တိုတိုတရားကလေး သနား စမ်းပါ၊ အသက်က ကြီးပြီဘုရာ့ တိုတိုတရားမှကိုက်မယ်၊ အသက်နဲ့ တရားနဲ့ဟာ တရားရှည်ကြီး ဆိုလို့ရှိရင်လဲ တပည့်တော်တို့ ဘာမှ ကျင့်နိုင်မှာမဟုတ်ဘူး အသေကစောမှာပဲတဲ့။

မင်းက အသက်လဲကြီးသေးတယ် တရားတိုလဲ တောင်းသေး တယ်ဆိုတော့ လူငယ်တွေအတွက် ဘယ်လိုစကား ပြောရမှာတုန်း ကွ. . . ဘုရားကတောင် ပြောသေးတယ်. . . (မှန်ပါ့)။

အသက်လဲကြီးသေးတယ်၊ တရားကိုလဲ တောင်းတယ်ဆိုလို့ ရှိရင်ဖြင့်. . . တဲ့ လူငယ်တွေကျတော့ ငါ- ဘယ့်နှယ်လုပ်ဖြေရမှာ တုန်း၊ ဘယ်လိုလုပ်ပြောရမှာတုန်း-တဲ့။

အို. . . အရှင်ဘုရား၊ တပည့်တော် အိုလဲအိုလို့ တပည့် တော်ရှိတဲ့ တပည့်တော်ခန္ဓာနဲ့ တပည့်တော် ချိန်တောင်းတာပဲ. . .၊ သို့သော် တပည့်တော် ရအောင်အားထုတ်မယ်ဆိုတော့ကွာတဲ့ ရှေး ကလဲ မမြင်ဖူးဘူး၊ အခုလဲ မြင်ဆဲမဟုတ်တာကို မင်းသည် ကားလို့ ဆိုရင် သာယာ, ပြစ်မှားလာရဲ့လားလို့ မေးတာပဲ. . . (မှန်ပါ့) ဦးမြ ဖြေစမ်း၊ သာယာ, ပြစ်မှားဘယ်နှယ့်တုန်း . . . (မရှိပါဘုရား)။

သာယာတာက လောဘနော်. . . (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ် အလည်က စ,တယ်၊ ပြစ်မှားတာက ဒေါသ ပဋိစ္စသမုပ္ပါဒ်အဆုံးက စ,တယ်၊ မသိတာက အဝိဇ္ဇာ၊ ပဋိစ္စသမုပ္ပါဒ်အစက စ,တယ်. . . (မှန်ပါ့) ဒီတော့ သာယာ, ပြစ်မှား, မသိတာ လာသေးရဲ့လား . . . (မလာပါဘုရား)။

ဒါဖြင့်. . . မင်းတို့ အခုပေါ်နေတဲ့စိတ်ကလေးကို မင်းတို့ ရှုလိုက်လို့ရှိရင်ဖြင့် ရှေးကလဲ ဒီစိတ်ဟာ မပေါ်ဖူးဘူး၊ စိတ်ဆိုတာ ဒီတစ်ခါ ပေါ်ပြီး နောက်ဘယ်တော့မှ ဒီစိတ်မလာတော့ဘူး၊ လာသေးရဲ့လား. . . (မလာပါဘုရား)။

'မနံ ဒိသွာ' ဆိုတဲ့အတိုင်းပဲ၊ ဒါ. . . ပါဠိတော်မှာလဲ ရှိပါတယ်၊ ဒီ. . . မာလုကျပုတ္တသုတ်မှာ၊ **'သတိမုဋ္ဌာ ပိယံ နိမိတ္တံ မနသိကရောတော'** လို့ ဆိုထားတာပါပဲ. . . တဲ့၊ ဒါ့ကြောင့် 'ဝိဝဋ္ဋ စေတော ဝေဒေတိ' တဲ့၊ မင်းတို့ မဂ်နဲ့သာ ခံစားပါကွာ. . တဲ့။ ဖြစ်ပျက်နဲ့မဂ်သာ ခံစားပါတဲ့၊ တဏှာနဲ့ မခံစားပါနဲ့တဲ့ (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ဖြစ်ပျက်ကို ဘာနဲ့ခံစားရမလဲ (မဂ်နဲ့ခံစားရပါမယ်ဘုရား) မဂ်နဲ့ခံစားလဲ ဝေဒနာပါတာကိုးဗျ (မှန်ပါ့) **ဝေဒနာ စိတ်တစ်ခုယုတ်ကိုး** ဆယ်မှာ ယှဉ်တယ်ဆိုတော့ မဂ်မှာ ဝေဒနာပါတယ်။

အဲဒီတော့ ဖြစ်ပျက်မြင်တဲ့ မဂ်နဲ့သာ ခံစားပြီး နေကြလို့ ရှိရင်ကွာ. . . တဲ့ အလောင်းထပ်တဲ့ ဇာတ်ကို အကုန်သိမ်းပါတယ်. . . တဲ့၊ ဒါ. . . မာလုကျပုတ္တ ဟောနေတာ၊

မဂ်ဖြစ်လို့ရှိရင် ဟိုဘဝများစွာက မိုက်ခဲ့တာတွေ အကျိုးမပေးရတာတွေ့ကော. . . (မကျန်ပါဘုရား) ယခုငယ်စဉ်ကာလ မသိ

မလိမ်မာလို့ မိုက်ထားတာတွေကော (မကျန်ပါဘုရား) ဒီမင်္ဂလာ သေးရင် မိုက်လတ္တံ့တွေကော (မကျန်ပါဘုရား)။

အဲဒါကြောင့် မဂ်သည်ကား. . . လို့ ဆိုလို့ရှိရင် မင်းတို့ သေသေချာချာ အားကိုးထိုက်တဲ့ တရားပဲဆိုတာ ယနေ့ည ဆုံးဖြတ် ချက်ချ. . . (မှန်ပါ) ချထိုက်ပလား. . . (ချထိုက်ပါပြီဘုရား)။

ကဲ. . . ယနေ့ ဒီတွင် တော်ကြဦးစို့. . . .။

သာဓု. . . သာဓု. . . သာဓု

| | |
|---|---|
| ထုတ်ဝေသူ။ | ဦးအောင်ချို၊ (မြ - ဝ၈၃၁)<br>မိုးကုတ် ဝိပဿနာ တရားစဉ်နှင့်<br>လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။<br>အမှတ်-၈၂၊ နတ်မောက်လမ်း၊<br>ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးဝင်းအောင် (မြ - ဝ၅၁၃၁)<br>သန်းထိုက်ရတနာပုံနှိပ်တိုက်၊<br>အမှတ် - ၈၄/၈၆၊ ၅၀-လမ်း၊<br>(၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်<br>ရန်ကုန်။ ဖုန်း - ၂၉၈၆၇၄ |
| စာမူခွင့်ပြုချက် | ၆၄/၉၃ (၁၂) |